JUSTICE FOR MYANMAR

သတင်းထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၂ | မြန်မာ

စစ်အုပ်စုဘဏ်တွေနဲ့ ကာကွယ်ရေးဝန်ကြီးဌာနကို အမေရိကန်က ဒဏ်ခတ်ပိတ်ဆို့အရေးယူတာကို JFM ကြိုဆို

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB)၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) နဲ့ စစ်အုပ်စု ကာကွယ်ရေးဝန်ကြီးဌာနတို့ကို ပစ်မှတ်ထားတဲ့ အမေရိကန်ရဲ့ အခုနောက်ဆုံးပိတ်ဆို့ အရေးယူမှုတွေကို Justice For Myanmar က ကြိုဆိုလိုက်ပါတယ်။

MFTB နဲ့ MICB ဘဏ်တွေဟာ အာဏာသိမ်းကြိုးပမ်းခဲ့တဲ့ အကြမ်းဖက်စစ်အုပ်စုက တရားမဝင်သိမ်းယူထားတဲ့ နိုင်ငံပိုင်ဘဏ်တွေ ဖြစ်ပါတယ်။

ဒီဘဏ်တွေဟာ စစ်အုပ်စုရဲ့ အကြမ်းဖက်လှုပ်ရှားမှုတွေကို ပံ့ပိုးပေးနေပြီး စစ်ရာဇဝတ်ဂိုဏ်း စီးပွားရေးကွန်ရက်တွေရဲ့အဓိကဆုံမှတ်တွေ ဖြစ်ပါတယ်။

စစ်အုပ်စုကာကွယ်ရေးဝန်ကြီးဌာနက အကြမ်းဖက်မှုတစ်ခုလုံးရဲ့ ဘဏ္ဍာရေးကဏ္ဍမှာပါဝင်နေပြီး စစ်အုပ်စုကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို ဆက်လက်လုပ်ဆောင်ဖို့အတွက် လိုအပ်တဲ့လက်နက်တွေနဲ့ ဆက်စပ်ပစ္စည်းတွေ ဝယ်ယူရေးမှာ ပါဝင်ပါတယ်။

လက်ရှိ ပိတ်ဆို့အရေးယူမှုတွေက အပြုသဘောဆောင်ပေမယ့် Justice For Myanmar က စစ်အုပ်စု အတွက် နိုင်ငံခြားဝင်ငွေအကြီးမားဆုံး အရင်းအမြစ်ဖြစ်တဲ့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) ကို ပိတ်ဆို့အရေးယူမှုတွေ အမြန်ဆုံးချမှတ်ဖို့ အမေရိကန်အပါအဝင် သူရဲ့ မဟာမိတ်တွေကို တိုက်တွန်းပါတယ်။ ခရိုနီကုမ္ပဏီတွေ၊ လက်နက်ပွဲစားတွေနဲ့ စစ်အုပ်စုတွေရနေတဲ့ ဘဏ္ဍာငွေရင်းမြစ်တွေနဲ့ လက်နက်တွေမရတော့အောင် စနစ်တကျ ဖြတ်တောက်ပစ်ရမှာ ဖြစ်ပါတယ်။

Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က “အကြမ်းဖက်စစ်အုပ်စု ထိန်းချုပ်ထားတဲ့ဘဏ်တွေကို ပစ်မှတ်ထားတဲ့ အမေရိကန်ရဲ့နောက်ဆုံး ပိတ်ဆို့အရေးယူမှုအပေါ် ကျမတို့ ကြိုဆိုပါတယ်။

ဒါပေမယ့် ဒဏ်ခတ်ပိတ်ဆို့မှုတွေ ပိုပြီးထိရောက်ဖို့၊ အမေရိကန်နဲ့ မဟာမိတ်တွေက စစ်အုပ်စုရဲ့ ဘဏ္ဍာရေးနဲ့ လက်နက်ဝယ်ယူရေး ကွန်ရက်တွေကို စနစ်တကျပစ်မှတ်ထားဖို့ ပိုပြီးအားထုတ်ရမှာ ဖြစ်ပါတယ်။

Justice For Myanmar အနေနဲ့ စစ်အုပ်စုရဲ့ လက်ရှိစစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေ ကျူးလွန်ဖို့အတွက် ငွေတွေဆက်ပေးနေတဲ့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနဲ့အတူ စစ်အုပ်စုရဲ့ ခရိုနီတွေနဲ့ လက်နက်ပွဲစားကွန်ရက်တွေကို အရေးပေါ်ပိတ်ဆို့အရေးယူဖို့ တောင်းဆိုပါတယ်။

ဒီလိုပိတ်ဆို့အရေးယူမှုတွေဟာ စစ်အုပ်စုရဲ့ မအောင်မြင်တဲ့ အာဏာသိမ်းဖို့ ကြိုးပမ်းမှုအပေါ် မြန်မာပြည်သူတွေရဲ့ ရဲရဲတောက်ခုခံမှုတွေနဲ့ မြန်မာ့ဒီမိုကရေစီရေး ကြိုးပမ်းမှုကို ထောက်ခံတဲ့ ကမ္ဘာတဝှမ်းက တက်ကြွလှုပ်ရှားသူတွေ အားလုံးရဲ့ ကြိုးစားအားထုတ်မှုတွေကြောင့် ဖြစ်ပါတယ်။

နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ မြန်မာပြည်သူတွေရဲ့ အသံတွေကိုအလေးအနက်ထား အသိအမှတ်ပြုပြီး အကြမ်းဖက်စစ်အုပ်စုရဲ့ ရန်ပုံငွေနဲ့ လက်နက်သုံးစွဲခွင့်တွေကို ပြတ်ပြတ်သားသား အရေးယူ ဖြတ်တောက်ဖို့ လိုပါတယ်”လို့ ပြောကြားခဲ့ပါတယ်။

“စစ်ရာဇဝတ်ဂိုဏ်း မုချပြိုကွဲပျက်စီးရမယ်”

ပိုမိုသိရှိရန်

အမေရိကန် ဒဏ်ခတ်ပိတ်ဆို့မှု ကြေညာချက်ကို ယခုနေရာတွင် ဖတ်ပါ။

စစ်အုပ်စုရဲ့ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးစနစ်ကိုဝင်ရောက်ခွင့်နဲ့ ပတ်သက်တဲ့ ကျွန်ုပ်တို့ရဲ့ သတင်းဆောင်းပါးကို ယခုနေရာ တွင် ဖတ်ရှုပါ။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။